## ရင့်ကျူးခြင်း

ငါ-

နလုံးသားကို ပိတ်ထားခြင်း မရှိ-၊

သစ္စာတရား အတွက် ဖွင့်ထားလျှက်

ငါ့ကိုငါ လွတ်မြောက်နေပြီလို့- ဂုဏ်ခံပါရစေ။

မျိုးဆက်သစ်တို့ရေ-

အတွေးအခေါ်၊ အယူအဆ၊ ဒသန

ဦးချိုးခံထားရတဲ့- မင်းတို့ဘဝ-

ငါ-ရင်လေးလှချည့်ရဲ့-။

အဂ္ဂိဖ္ဖာဆောင် အမိုက်မှောင်အောက်က

လူပေါင်းတစ်ထောင်မှာ-

ငါ-ခေါင်းဆောင်ဖြစ်ချင်ရင်----

အလိုက်သင့်နေပေးလိုက်ယုံပဲ။

အခု- ၂၁ ရာစုအတွက်

လမ်းအစစ်ကို ငါ ဖေါ်ပေးနေတယ်။-

ငါ့နောက်ကို လိုက်ခဲ့-၊

ဘဝဆက် အတွက် အာမခံချက် ရှိတယ်။

ငါနဲ့အတူ ကတိတော် ရှိနေရဲ့။

ယုံကြည်လိုက်ပါ။

ဧဠးလွင်ဦး